‘ပေါက်ဖော်ချစ်ကြည်ရေး’

# ယူနန်ပြည်သူလူထုအဖွဲ့အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအဖွဲ့မှ မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းများအတွက် ဒုတိယအသုတ်စီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း




စက်တင်ဘာလ(၁၈)ရက်နေ့တွင် ယူနန်ပြည်နယ် အပြည်ပြည်ဆိုင်ရာပြည်သူလူထုအဖွဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအဖွဲ့ (အောက်တွင် ယူနန်ပြည်သူမြှင့်တင်ရေးအဖွဲ့ဟု ရေးသားသည်)သည် မြန်မာနိုင်ငံရန်ကုန်မြို့“ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ တီဗွီတစ်လုံး” ဒုတိယအသုတ်စီမံကိန်းလှူဒါန်းပေးအပ်မှုအခမ်းအနားကို ရန်ကုန်မြို့တွင်ကျင်းပခဲ့သည်။ ဘုန်းတော်ကြီးကျောင်း(၈၀)ကျောင်းမှ ကူညီမှုများရှိခဲ့သည်။

ရန်ကုန်မြို့နယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၏ အဆောက်အဦးကိရိယာများကို ပြုပြင်ပြောင်းလဲစေရန်အတွက် ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ဘုန်းကြီးများနှင့် မိဘမဲ့ကလေးများအား သတင်းအချက်အလက်နှင့် အသိပညာများပိုမိုရယူနိုင်ရန်အတွက် ၂၀၁၇ခုနှစ်ယူနန်ပြည်သူမြှင့်တင်ရေးအဖွဲ့နှင့် ရန်ကုန်အိတ်ဇယ်လန့် ဘာသာစကားသင်ကြားရေးစင်တာနှင့် အတူပူးပေါင်းကာ မြန်မာနိုင်ငံ ရန်ကုန်မြို့နယ်မြေတွင်ပထမအသုတ် “ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင်တီဗွီတစ်လုံးစီ” စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ထုတ်နိုင်ခဲ့ပြီး ဒေသအတွင်းရှိဘုန်းတော်ကြီးကျောင်း(၁၀၀)ကျောင်းသို့ တီဗွီစက်ကိရိယာများကို လှူဒါန်းပေးခဲ့ကာ ဂြိုဟ်တုစလောင်းစက်ဝန်ဆောင်မှု(၃)နှစ်အတွက် ဝယ်ယူပေးအပ်ခဲ့သည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံသာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးသာသနာရေးရာဌာန၊ မြန်မာနိုင်ငံအခြေစိုက်တရုတ်နိုင်ငံသံရုံးစသည်တို့၏ အားပေးထောက်ပံ့မှုများကိုရရှိပြီး ဒေသတွင်ကောင်းမွန်သော တုန့်ပြန်မှုများကို ရရှိခဲ့သည်။ ၎င်းပေါ်တွင်အခြေခံပြီး ယူနန်ပြည်သူမြှင့်တင်ရေးအဖွဲ့သည် ဒုတိယအသုတ် “ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံးစီ” စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ပြီး အဆိုပါဒေသတွင်ရှိသော ဘုန်းတော်ကြီးကျောင်း(၈၀)ကျောင်းထံသို့ တီဗွီစက်ကိရိယာများကို လှူဒါန်းပေးခဲ့ကာ ဂြိုဟ်တုစလောင်းစက်ဝန်ဆောင်မှု(၃)နှစ်အတွက် ဝယ်ယူပေးအပ်ခဲ့သည်။




ယူနန် ပြည်သူမြှင့်တင်ရေးအဖွဲ့ ဒုဥက္ကဋ္ဌလီယုံခန်းက ထိုကဲ့သို့ပြောသည်။ “ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် တီဗွီတစ်လုံး”စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ဘုန်းတော်ကြီးကျောင်းများအထူးသဖြင့် ဘုန်းတော်ကြီးကျောင်းများတွင်ပညာသင်ကြားနေသော ကလေးငယ်များအတွက် သတင်းအချက်အလက်များစွာကို ပိုမိုလက်ခံနိုင်ရန်အတွက် ယူနန် ပြည်သူမြှင့်တင်ရေးအဖွဲ့သည် အဆိုပါစီမံကိန်းမျိုးကို ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများစွာကို အကျိုးဖြစ်ထွန်းစေရန်ဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသွားပါသည်။ ရန်ကုန်တိုင်းသာသနာရေးဝန်ကြီး U Sein Maw က တဖန်ထိုကဲ့သို့ပြောကြားသွားသည်မှာ- ရန်ကုန်ဒေသအတွင်းဘုန်းတော်ကြီးကျောင်းထဲတွင် စာသင်ကျောင်းဖွင့်လှစ်သည့်ကျောင်းမှာ (၂၂၈) ကျောင်းရှိပါကြောင်း၊ ပထမအသုတ်စီမံကိန်းသည် အရှေ့ပိုင်းနှင့်အနောက်ပိုင်းခရိုင်ဒေသများတွင်ရှိသော ဘုန်းတော်ကြီးကျောင်း(၁၀၀)ကျော်ထံသို့ လှူဒါန်းပေးအပ်ခဲ့ကြောင်း၊ ယခုအကြိမ်တွင် မြောက်ပိုင်းခရိုင်တွင်ရှိသော ဘုန်းတော်ကြီးကျောင်း(၈၀)ကျောင်းထံသို့ လှူဒါန်းပေးအပ်ခဲ့ကြောင်း၊ “ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားနေကြသော ကလေးငယ်အများစုသည် ဆင်းရဲပါကြောင်း၊ ယခုစီမံကိန်းသည် သူတို့တတွေအတွက် ပြင်ပအကြောင်းများကိုသိရှိစေရန်နှင့်၊ ပညာသင်ကြားခြင်းဗဟုသုတရရှိရန်အတွက် အဓိပ္ပာယ်လေးနက်လှပါကြောင်း၊ နောက်နောင်တွင် ထိုကဲ့သို့သောအစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း”စသည်ဖြင့် ပြောကြားသွားပါသည်။

၂၀၁၄ခုနှစ်တွင် ယူနန်ပြည်သူမြှင့်တင်ရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် အများအကျိုးပြုစီမံကိန်းများကို စတင်ဆောင်ရွက်ကြသည်။ ယခုအချိန်အထိ အကောင်အထည် ဖော်ဆောင်ပြီးဖြစ်သောနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်နေသောစီမံကိန်းသည် စုစုပေါင်း(၆)ခုရှိသည်။

သတင်းထောက် လောယုံချမ်

# ယူနန်တိုင်းရင်းသားလူမျိုးစုသည် ချမ်းသာကြွယ်ဝသောဘဝဖြင့်အတူနေထိုင်ကြ

သတင်းထောက်-ပြီးခဲ့သော(၅)နှစ်ကာလအတွင်းတွင် ယူနန်၏တိုးတက်ဖွံ့ဖြိုးမှုသည် အလျင်မြန်ဆုံးဖြစ်သည်။ ဖွံ့ဖြိုးမှုအရည်အသွေးနှင့် အောင်မြင်မှုရလဒ်အမြင့်မားဆုံး၊ ပြည်သူလူထုအကျိုးဖြစ်ထွန်းစေသော ကာလတစ်ခုဖြစ်သည်။ အထူးသဖြင့်တိုင်းရင်းသားဒေသများတွင် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအလျင်မြန်ဆုံးဖြစ်သည်။ စီးပွားရေးအဓိကစံညွှန်းကိန်းများသည် ပြည်နယ်တစ်ခုလုံး၏ ပျမ်းမျှအဆင့်ထက်မြင့်သည်။ တိုင်းရင်းသားပြည်သူလူထု၏ နေထိုင်မှုဘဝသည် သိသာထင်ရှားစွာ ပြောင်းလဲစေသည်။

ယူနန်သည် တိုင်းရင်းသားမျိုးနွယ်စုများစွာနေထိုင်ကြသော နယ်စပ်ပြည်နယ်တစ်ခုဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစု(၂၅)စုရှိသည်။ အလွန်ရှားပါးသောတိုင်းရင်းသားလူမျိုးစု (၁၅)ခုရှိသည်။ သမိုင်းအကြောင်းအရင်းများကြောင့် တိုင်းရင်းသားဒေသစီးပွားရေး လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုအရည်အချင်းသည် နှိုင်းယှဉ်လျှင် အနည်းငယ်နိမ့်ကျသည်။ တိုင်းရင်းသားလူမျိုးစုအနက် ဆင်းရဲသားဦးရေသည် (၂၄. ၆)သိန်းကျော် ရှိသည်။ ပြည်နယ်တစ်ခုလုံးအတွင်းဆင်းရဲသားဦးရေစုစုပေါင်း၏ (၄၃. ၄၁%)ပါဝင်သည်။

ပြီးခဲ့သည်(၅)နှစ်အချိန်ကာလက ယူနန်သည်အတွေးအသစ်များ၊ နည်းလမ်းအသစ်များ၊ ဆောင်ရွက်မှုအသစ်များဖြင့် တိုင်းရင်းသားဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစု နေထိုင်ရာဒေသတွင် ဘက်စုံပေါင်းစုံမှချမ်းသာကြွယ်ဝသော လူမှုရေးပတ်ဝန်းကျင်တည်ဆောက်နိုင်သောခြေလှမ်းများကို ပိုမိုလျင်မြန်လာစေသည်။

“ငွေကြေး” ထောက်ပံ့မှုများဖြင့် တိုင်းရင်းသားဒေသ တိုးတက်ဖွံ့ဖြိုးမှုလျင်မြန်စေခြင်းကို အထောက်အကူဖြစ်စေသည်။ ယူနန်ပြည်နယ်သည် “ခရိုင်ဆယ်ခု၊ ရွာအုပ်စုရာချီ၊ ကျေးရွာထောင်ကျော်၊ အိမ်ထောင်သောင်းကျော်သော စံပြတီထွင်တည်ဆောက်မှုပရောဂျက်” ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်(၂၀၁၃-၂၀၁၆ခုနှစ်ကာလအတွင်းတွင် တိုင်းရင်းသားတိုးတက်ဖွံ့ဖြိုးမှုငွေကြေး တရုတ်ယွမ်(၁. ၄)ဘီလီယံကို ထည့်သွင်းအသုံးပြုခဲ့သည်။ ဌာနအဆင့်ဆင့်မှငွေကြေး တရုတ်ယွမ်(၅. ၅)ဘီလီယံကိုတွက်ကြည့်သော် စံပြခရိုင်(၁၀)ခု၊ စံပြကျေးရွာအုပ်စု(၁၀၀)ခု၊ စံပြကျေးရွာ(၁၀၇၈)ခု (ထူးခြားသောကျေးရွာ၊ ရပ်ကွက်)နှင့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖွံ့ဖြိုးမှုစံပြအိမ်ထောင်(၁၀၀၀)ကျော်ကို အကောင်အထည်ဖော်ဆောင်ခဲ့သည်။ တိုင်းရင်းသားဓလေ့နှင့် ကိုက်ညီသော စံပြကျေးရွာခရိုင်များ တစ်သုတ်ကို တည်ဆောက်ခဲ့သည်။

“တိုက်ရိုက်ကူးပြောင်းတိုင်းရင်းသား (ရှေးလူမှုရေးအသိုင်းအဝိုင်းမှ ဆိုရှယ်လစ်စနစ်သို့ တိုက်ရိုက်ကူးပြောင်းလာသော တိုင်းရင်းသား)” သည် ပြည်နယ်တစ်ခုလုံး ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၏ အဓိကပြဿနာတစ်ရပ်ဖြစ်သည်။ ယူနန်ပြည်နယ်သည် သီးသန့်ပေါ်လစီများထုတ်ဖော်ပြီး “တိုင်းရင်းသားမျိုးနွယ်တစ်ခုအတွက်အကောင်အထည်ဖော်စီမံကိန်းတစ်ခု” “တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအဖွဲ့အစည်းတစ်ခုမှ ကူညီဖေးမခြင်း”စသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလမ်းစဉ်ကို သုံးသပ်ထုတ်ဖော်ခဲ့သည်။ ၂၀၁၆ခုနှစ် နှစ်ကုန်ပိုင်းအချိန်အထိ တိုက်ရိုက်ကူးပြောင်းတိုင်းရင်းသားနှင့် လူဦးရေနည်းသော တိုင်းရင်းသားမျိုးနွယ်များ စုပေါင်းနေထိုင်သော ကျေးရွာများတွင် ဆင်းရဲသားကဒ်ကိုင်ဆောင်သူဦးရေသည် (၅သိန်း၄သောင်း၃ထောင်) အထိ လျှော့နည်းသွားသည်။

(၅)နှစ်တာအချိန်ကာလအတွင်းတွင်ယူနန်တိုင်းရင်းသားဒေသစီးပွားရေးလျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာသည်။ စာရင်းများအရ ၂၀၁၆ခုနှစ်တွင် ယူနန်ပြည်နယ် တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်မှုနယ်မြေ၏ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည်တရုတ်ယွမ်ပေါင်း(၆၀၆. ၈၆၅)ဘီလီယံရှိပြီး ယမန်နှစ်တူညီချိန်နှင့်နှိုင်းယှဉ်လျှင် (၉. ၈%)တိုးမြင့်လာသည်။ မပြောင်းနိုင်သောပိုင်ဆိုင်မှု fixed assests အတွက် ရင်းနှီးမြှုပ်နှံမှုသည် တရုတ်ယွမ်(၇၀၈. ၁၃၀)ဘီလီယံရှိပြီး ယမန်နှစ်တူညီချိန်နှင့်နှိုင်းယှဉ်လျှင် (၂၂. ၇%)မြင့်တက်လာသည်။ မြို့ခရိုင်နေပြည်သူလူထု၏ တစ်ဦးချင်းပျမ်းမျှသုံးဆွဲနိုင်သောဝင်ငွေသည် တရုတ်ယွမ်(၂၇၃၆၂)ရှိပြီး ယမန်နှစ်တူညီချိန်နှင့်နှိုင်းယှဉ်လျှင် (၈. ၈%)မြင့်တက်လာသည်။ ကျေးရွာတွင် အမြဲနေထိုင်သော ပြည်သူလူထု၏ လူတစ်ဦးချင်း ပျမ်းမျှသုံးဆွဲနိုင်သောဝင်ငွေသည်(၈၉၇၁)ရှိပြီး ယမန်နှစ်တူညီချိန်နှင့်နှိုင်းယှဉ်လျှင် (၉. ၈%)မြင့်တက်လာသည်။ မျှမ်းမျှအားဖြင့် မြင့်တက်မှုရာခိုင်နှုန်းသည် ပြည်နယ်တစ်ခုလုံး၏ ပျမ်းမျှအဆင့်ထက်မြင့်သည်။

(အထွေထွေသတင်း)